စိုးမိုးစာပေ

ဂျူး

စင်တင်သည်

# နှဝင်ါသမီး

တူနှစ်ကိုယ်မျှော်စင်



# အခန်း (၁)

သူ့ရင်မှာ အတော် ခံပြင်းသွား၏။ သူ့နှုတ်ခမ်းတွန့်လျက် မာမီကို . . . ဘဝင်မကျကြည့်ပြီး

"မဆိုင်လိုက်တာ မာမီ . . . ရာ"

"သား . . . ကလည်း ကွယ် သား ဘွားဘွားစိတ်ကို သားသိသားနဲ့ "

မာမီ မျက်နှာချိုသွေးလျက် သူ့ကို တိုက်ထဲပြန်ဆွဲသွင်းတော့ မာမီလက်ထဲ တွန့်ဆုတ်တွန့်ဆုတ် သူပါလာသည် ။ ပါလာပေမယ့် သူ့စိတ်က ပြင်းထန်နေဆဲ။

"သိတယ် သိလို့ ကို အပြင်ထွက်ချင်တာ မာမီ"

"ခဏလေး သည်းခံပါကွယ် ဧည့်သည် တွေလာတော့ သားဘွားဘွား စိတ်အလိုအတိုင်း မိတ်ဆက်ပေးတာကို ခေါင်းညိတ်လိုက် ပြီးတော့ သားအပြင်ထွက်ချင်တယ်ဆို ထွက်သွားပေါ့ကွယ်"

မာမီ ဖျောင်းဖျောင်းဖျဖျဆို၍ သူ့ကို ဧည့်ခန်းဆိုဖာမှာ ထိုင်စေသည် ။ သူ မထိုင်ချင်ပေမယ့် မာမီ အတင်းဆွဲထိုင်စေတာကြောင့် ခပ်ကြမ်းကြမ်းဝင်ထိုင်မိပြီး

"ဧည့်သည် က သားနဲ့ မသိဘဲနဲ့ ဗျာ။ မိတ်ဆက်ပေးလို့ ဘာထူးမလဲ"

"ဩော် သား ဘွားဘွားက သားနဲ့ ပတ်သက်စေချင်လို့ ဖြစ်မှာ ပေါ့"

"ဘာမှ ပတ်သက်စေချင်လို့ မရဘူးနော် မာမီ သားကို စိတ်ညစ်အောင် ဖိအားမပေးနဲ့ "

သူ ခပ်ပြတ်ပြတ်ပြောလိုက်မိ၏။ အောက်သိုးသိုးဖြစ်နေတဲ့ သားမျက်နှာလေးကို ဒေါ်ဆွေမာ ခပ်ပျော့ပျော့ပြုံးကြည့်၍

"သားရယ် ဘာဖြစ်လို့ ခေါင်းမာချင်ရတာလဲ . . ."

"သား ခေါင်းမာတာမှ မဟုတ်တာ ဘွားဘွားက နေရာတကာ ဟိုစပ်စု ဒီစပ်စု ပြီးရင် အိမ်ခေါ်လည် ထမင်းဖိတ်ကျွေးနဲ့ ဇယားရှုပ်အောင် သိပ်လုပ်လွန်းတယ်"

အဘွား စိတ်ကို အလိုမကျ ရွတ်နေတဲ့ သားကို ဒေါ်ဆွေမာ အပြစ်မယူရက် မိခင်ဖြစ်သူ ဒေါ်ခင်ချစ်ရဲ့ အပြုအမူကိုလည်း မလိုမလားမဖြစ်ခဲ့။ သားနဲ့ မိခင်အကြားပြေလည်မှုရဖို့ ကြားဝင်ဖျန်ဖြေသူပီပီ သားကို စိတ်ရှည်ရှည်စောင့်ကြည့်နေသည်။ အတန်ကြာမှ

"သားရယ် လူကြီးတွေဆိုတာ ဒီလိုပဲ မိတ်ဟောင်းဆွေဟောင်းနဲ့ တွေ့ဖို့ စိတ်အားထက်သန်ကြတာလေ"

"စိတ်အားထက်သန်ရင်လဲ ဘွားဘွားတစ်ယောက်တည်းတွေ့ပေါ့ ဘာဖြစ်လို့ သားကို ဆွဲထည့်နေတာလဲ"

"ဩော် . . . သား ဘွားဘွားရဲ့ မိတ်ဟောင်းဆွေဟောင်းတွေကို သားနဲ့ ရင်းနှီးစေချင်တယ်လေ"

"သား မရင်းနှီးချင်ဘူး မာမီ"

"အင်းလေ . . . သား မရင်းနှီးချင်ရင် နောက်မဆက်သွယ်နဲ့ ပေါ့ လောလောဆယ် ဘွားဘွား စိတ်ကျေနပ်အောင်နေပါကွယ် နော် သား"

ဖြစ်နိုင်ရင် မာမီရှေ့မှ ဆိုးဆိုးဆတ်ဆတ် ထထွက်သွားချင်၏။

ထထွက်ဖို့ စိတ်ဖြစ်ရုံရှိသေး ဘွားဘွားက ဧည့်ခန်းထဲဝင်လာသောကြောင့် သူ ထထွက်၍ မရနိုင်တော့။ ကြောရိုးရင်ရိုးပါတဲ့ အင်္ကျီနှင့် ဘီးဆံထုံး ထုံးထားသည် ။ ဘွားဘွားက ပြုံးရွှင်မြူးကြွလျက်။ သူနဲ့ မျက်နှာချင်းဆိုင်မှ ဆိုဖာပေါ် ဘွားဘွား လှလှပပ ဝင်ထိုင်ပြီး

“ဆွေမာ မြေးကို ပြောပြီးပြီလား”

မာမီ ခေါင်းယမ်း၍

“မပြောရသေးဘူး မေမေ . . .”

“မပြောရသေးရင် ပြော လိုက်လေ”

ဘွားဘွား က ဘာကိုပြောခိုင်းလို့ မာမီက ဘာကိုပြောမှာ လဲ စိတ်ညစ်ရတဲ့ အထဲ ပိုပြီး စိတ်ပျက်ချင်လာသည် ။ မာမီ သူ့ဦးခေါင်းလေးကို ပွတ်၍

“ဒီလို သား”

“ဘာလဲ မာမီရာ”

“ဟဲ့ မြေး . . .”

သူ ခပ်ညစ်ညစ်ရွတ်သည် ကို ဘွားဘွား က ဘဝင်မကျဖြစ်လျက်

“လူကြီးမိဘပြောရင် ရိုရိုသေသေနားထောင်စမ်း”

အမိန့်အာဏာပြင်းလွန်းသည့် ဘွားဘွား ကို သူ မကျေမနပ်ဖြစ်ပေမယ့် ပြန်မပြောရဲ။ ပြန်ပြောရင် မာမီ သူ့ကို အပြစ်တင်မှာ မာမီအပြစ်တင်ရင် သူ့ကို ဘွားဘွား ဖိဆူမှာ လေ။ ဒါကြောင့် ပြန်မပြောတာပဲ ကောင်း

တယ်။ သူ မျက်လွှာချ၍ ကြမ်းပြင်ကို စိုက်ကြည့်လိုက်သည် ။ မာမီက သူ့ စိတ်ကို နားလည်သလို တစ်ချက်ကြည့်သည် ။

"ပြောစရာရှိတာ မြန်မြန်ပြောလေ တော်ကြာ ဧည့်သည် တွေ ရောက်လာတော့မယ်"

ဘွားဘွား ဆိုးဆိုးဆတ်ဆတ်ပြောမှ မာမီ ဦးခေါင်းဆတ်၍ သူ့ဘက်လှည့်သည် ။

"ဒီလို သားရဲ့ "

သူ နားပိတ်ထားလိုက်ချင်၏။

"အခုလာမယ့် ဧည့်သည် က သား ဘွားဘွားရဲ့ အရင်းနှီးဆုံး သူငယ်ချင်း ဒေါ်ရှင်မေ နဲ့ ဒေါ်ရှင်မေရဲ့ မြေးမလေးတဲ့ "

"အို . . . ဘာပဲဖြစ်ဖြစ် သား စိတ်မဝင်စားဘူး . . ."

သူ ဂျစ်ကန်ကန် ပြောလိုက်တော့ ဘွားဘွား မျက်ဝန်းစူစူး သူ့ထံရောက် လာပြီး . . .

"စိတ်မဝင်စားလို့ မရဘူး လူဇင့် ဘွားဘွား စိတ်ဝင်စားတာမှန်သမျှ မြေး စိတ်ဝင်စားရမယ်"

"ဟ"

"ပါးစပ်ပိတ်ထား လူဇင့်"

ဘွားဘွား လက်ညှိုးထောင်၍ ဟန့်တားတော့ သူ ဆိုခွင့်မရှိတော့။ မာမီက မပြောရန် မျက်ရိပ်ပြသည် ။

"သားကလည်း ကွယ် . . . သားကို ဘွားဘွားရဲ့ မိတ်ဆွေတွေနဲ့ ရင်းနှီးစေချင်လို့ ပါကွယ် ဟုတ်တယ်နော် မေမေ"

မာမီက ဟိုဘက် ဒီဘက် ညီညွတ်ဖို့ လေပြေထိုးလျက်။

"ဟုတ်တယ် မြေး၊ မြေးကို ဘွားဘွားစိတ်မချဘူး။ ဘွားဘွားစိတ်ချချင်တယ်"

"အိုး . . . သား ကလေးမှ မဟုတ်တာ၊ သားဘွဲ့ရလို့ သင်္ဘောနှစ်ခေါက်တက်ပြီးပြီ၊ နေရာတကာမှာ ဘွားဘွား စိတ်မချဘူးဆိုတာနဲ့ ဟိုမိတ်ဆွေ ဒီမိတ်ဆွေ သမီးတွေ မြေးတွေနဲ့ ဆွယ်နေတာ . . ."

"တော်စမ်း တော်စမ်း ဒီလေသံမျိုးတွေကြောင့် ပိုပြီး စိတ်မချတာနားလည်လား"

ဘွားဘွား ဆတ်ခနဲရပ်၍ ပြောလိုက်ရာ သူ့ရင်မှာ ပို၍ ခံပြင်းလာသည် ။

"အခုလဲ ဘွားဘွားက ဒေါ်ရှင်မေရဲ့ မြေးနဲ့ ဆွယ်နေတာ မဟုတ်လား"

"ဆွယ်ရမယ် ဆွယ်ရုံမကဘူး ဒေါ်ရှင်မေကို စကားကမ်းလှမ်းပြီးသား"

"ဟာ ဘွားဘွား"

သူ မကျေမနပ်ဖြစ်လျက် ဝုန်းခနဲ ထရပ်လိုက်ပြီး

"အဓိပ္ပာယ်မရှိတာ မာမီ သားလုံးဝစိတ်မဝင်စားဘူးနော် နောက်မှ သားကို အပြစ်ပုံမချနဲ့ . . . သား လုံးဝ လုံးဝပဲ မာမီ"

သူ ခပ်ကြမ်းကြမ်းပြောတော့ မာမီ မျက်လုံးပြူးလျက် သားနှင့် အမေကြား ဗျာများ သွား၏။

"မြေး . . . ဘယ်လိုပြောလိုက်တယ် ပြန်ပြောစမ်း ပြန်ပြောစမ်း လူဇ

င်”

ဘွားဘွား ဒေါသတကြီး “သူ့” ရှေ့ရောက်လာသည့်အခါ သူ့ ပါးစပ်ကို မာမီလက်ဝါးနဲ့ ပိတ်ချလိုက်သည် ။

“အလကားပါ မေမေရယ် . . . မေမေ့မြေးအကြောင်း မေမေ သိသားနဲ့ သားက ဒီလိုပဲ ဘုကန့်လန့်ရယ် နောက်တော့လည်း မေမေဆန္ဒအတိုင်း ခေါင်းညိတ်ခဲ့တာချည်းပဲ မဟုတ်လား ဟင့် ဟင့်”

မိခင်ကို တစ်လှည့် မျက်နှာချိုသွေးဆို၍ သားဘက်လှည့်ကာ မျက်ရိပ်ပြ မာန်မဲလိုက်သည့် မာမီအမူအရာကို သူ မကျေနပ်ချင်တော့၊ ဘာကိစ္စဖြစ်ဖြစ် မာမီက ဘွားဘွား ဆန္ဒကို အပြည့်အဝလိုက်လျောခဲ့သည် ချည်း။ တခြားကိစ္စမှာ “သူ” ခေါင်းညိတ်နိုင်ပေမယ့် ဒီကိစ္စမှာ လုံးဝခေါင်းမညိတ်နိုင်။ မာမီ လက်ဖဝါးကို “သူ” ဆွဲဖယ်ပြီး

“ဘွားဘွား”

သူ ဘွားဘွား နဲ့ ခပ်ရဲရဲ ရင်ဆိုင်ရပ်လိုက်သည် ။

ဘွားဘွား က ရင်ကော့ကာ မျက်နှာပေးတင့်ခါခါနှင့်

“ဘွားဘွား စီမံတာကို မြေးငြင်းခွင့်မရှိဘူး”

“ဟာ . . .”

သူ့ရင်မှာ ပို၍ ခြောက်သွေ့လျက် တစ်ခုခုပြန်ပြောရန် နှုတ်ခမ်းပွင့်ဟလိုက်စဉ် ဘွားဘွား လက်ညှိုးက သူ့နှုတ်ခမ်းလွှာရှေ့ ရောက်လာသည် ။

“ဘာအကြောင်းကြောင့်မှ ငြင်းလို့ မရဘူး မြေး ဘယ်လိုအကြောင်းပြပြီး ငြင်းမလဲဆိုတာ ဘွားဘွား သိပြီး သား ဟင့် . . . ဟင့်”

"ဟာ သားမှာ ချစ်သူရှိတယ်လေ"

သူ အောင့်အည်း သည်းမခံနိုင်တော့ လွှတ်ခနဲပြောလိုက်သည် ။ မြေးနဲ့ အဘွားကြားမှာ ဒေါ်ဆွေမာ စိတ်ရှုပ်ထွေးလျက်

"သား . . . ကလည်း ကွယ်"

သားကို ဒေါ်ဆွေမာ ဖိပြောလိုက်သည် ။ ဒေါ်ခင်ချစ်က နှာခေါင်းကို တွန့်ရှုံ့ကာ မြေးကို ရှုတင်းတင်းစိုက်ကြည့်လိုက်ပြီး

"မြေးမှာ ချစ်သူရှိတယ်ဆိုတာသိလို့ စီစဉ်တာ"

"ဘွားဘွား ဘယ်လိုလဲဗျာ"

"ဘွားဘွား ဒီလိုပဲ မြေး၊ မြေးချစ်သူဆိုတာ ဘွားဘွားလက်ခံနိုင်တဲ့ အရည်အသွေး ရှိလို့ လား"

"ဘွားဘွားက ခေတ်တုံးပေတံနဲ့ လိုက်တိုင်းနေတာပဲ မာမီ"

"သား ပြောပြီးပြီနော် သားလုံးဝပဲ . . . ဘွားဘွား ဇွတ်မလုပ်နဲ့ နော်"

သူ သွေးရူးသွေးတန်းအော်ဟစ်နေမိသည် ။ မာမီက သူ့ပါးစပ်ကို အတင်းဖမ်းပိတ်၍ သူ့ အခန်းရှိရာ အပေါ်ထပ်သို့ ဆွဲတင်သွားသည် ။ မာမီ ဆွဲခေါ်ရာနောက် "သူ့" ကိုယ်လုံး ခနိုးခနဲ့ ပါလာသည် ။

"သားနဲ့ တော့ ခက်တယ် သိပ်ခက်တယ်ကွယ်"

ဒေါ်ဆွေမာ တတွတ်တွတ်ရွတ်၍ သားကို အခန်းထဲဆွဲသွင်းလိုက်သည် ။

"မာမီကြောင့်လည်း သိပ်ခက်တယ်"

"တော်စမ်း . . . သား"

မာမီ မျက်နှာထားနဲ့ ဆိုစဉ် သူ့ရင်မှာ အတိုင်းမသိ ကြေကွဲသွား၏။

"ဘာလဲ မာမီ သားဘဝအတွက် သားစိတ်ကြိုက် ရွေးခွင့်မရှိတော့ဘူးလား"

"ရွေးချယ်ခွင့်တွေ ဘာတွေကို မာမီမသိဘူး သား မာမီသိတာ သားဘွားဘွားစိတ်ကျေနပ်မှုရှိဖို့ သားဘွားဘွားက အလွန်ဆုံးအသက်ရှင်ရင်နောက်ခြောက်လပဲဆိုတာ သိနေတာပဲ"

ဝမ်းနည်းသံရောထွက်လာတဲ့ မာမီစကားလုံးတွေကို"သူ" ပြန်ပြောချင်ပေမယ့် မပြောသာတော့ ။ ကုတင်ပေါ် စိတ်ပျက်စွာထိုင်ချရင်း ဘာကိုဒေါသဖြစ်နေမှန်းမသိတော့ နံရံကို ခေါင်းအုံးနှင့်ပစ်ပေါက်မိသည် ။ "ဒီအချိန်မှာ မာမီအနေနဲ့ သားဘွားဘွားစိတ်ထိခိုက်အောင်လုပ်နေမယ်ဆိုရင် မာမီကို သားအရင်သတ်လိုက်ပါတော့ကွယ် သတ်လိုက်ပါတော့ သားရယ်"

စိတ်မချမ်းမြေ့စွာပြောနေသည့် မာမ့်ဆန္ဒကို သူခေါင်းညိတ်လက်ခံရမလား။ သူ့ဆန္ဒနဲ့ ပြတ်ပြတ်သားသားငြင်းရမလား။ ကံကြမ္မာ။ သူ့မျက်လုံးများကို စုံမှိတ်ကာ အံကို တင်းတင်းဖိကြိတ်လိုက်မိသည် ။

"သားကလေး မဟုတ်ဘူး ဆိုတာ မာမီသိတယ်၊ သားအသက်အရွယ်၊ သားအရည်အချင်းနဲ့ သားဘဝအတွက် လိုအပ်ချက်ကိုသာ လွတ်လပ်ခွင့်နဲ့ ရွေးချယ်ချင်တယ်ဆိုတာ မာမီနားလည်ပါတယ်ကွယ်၊ ဒါပေမဲ့ သားရယ် သားရဲ့ ငြင်းဆန်မှုတစ်ခုကြောင့် သားဘွားဘွားစိတ်ထိခိုက်ပြီး ရတ်ချည်းဆုံးပါးသွားမယ်ဆိုရင် မာမီဘယ်လိုဖြေသိမ့်ရလဲ သားရယ်၊ မာမီဘယ်လိုဖြေသိမ့်ရလဲ ဟင်"

"တော်ပါတော့ မာမီရယ်"

"သူ" ဝမ်းမနည်းမိအောင် သွားတွေကို ခပ်တင်းတင်းဖိကြိတ်ကာ တစ်စုံတစ်ရာကို ဒေါသတကြီးကျိန်ဆဲမိသည် ။

"မကြာခင် သားဘွားဘွားဖိတ်ထားတဲ့ ဧည့်သည် တွေ လာတော့မှာလေ"

မကြားချင်ဘူး။ သူ ဦးခေါင်းကို ယမ်းလိုက်သည် ။

"ဧည့်သည် တွေရောက်လာရင် မာမီလာခေါ်မယ်နော် သား"

မာမီပြောလိုရာပြောပြီး လှည့်ထွက်သွားစဉ် သူ့ခေါင်းရင်းမှ စာအုပ်တင်ထားသည့် စားပွဲခုံမြင့်လေးကို ဒေါသတကြီး တွန်းဖြိုတော့၏။

လွင့်ကျသွားသည့် စာအုပ်တွေက "သူ့" ရင်ခုန်သံထင်ရဲ့ ။

ဘွားဘွားဆန္ဒအတိုင်း ဧည့်သည် တွေနဲ့ "သူ" အလိုက်သင့်မိတ်ဆက်ခံရမလား ဟင့်အင်း။

သူ့ရင်ခုန်သံက တရစပ်ငြင်းဆန်လျက်။

ဒါပေမဲ့ သူ့အသိတရားက။

*

## အခန်း (၂)

"လာ လာ ရှင်မေရယ် မျှော်နေတာ တစ်နာရီလောက်ရှိပေ့ါကွယ်"

ပေါ်တီကိုအောက်မှာ ကားရပ်လိုက်သည် နှင့် ဘွားကို ဘွားသူငယ်ချင်း အားရဝမ်းသာ ဆီးကြိုသည် ။ မဟာဆန်ဆန် ချောမောသော ဘွားသူငယ်ချင်းကို တိမ်ပန်းချီငေးကြည့်လိုက်မိသည် ။

ကားပေါ်က လှမ်းဆင်းသည့် အဘွား၊ ဘွားသူငယ်ချင်း အားရဝမ်းသာပွေ့ဖက်လိုက်သည် ။ ဘွားကလည်း ရွှေသွားများ ပေါ်အောင်ရယ်လျက်။

"ဟုတ်ပ့ါ ခင်ချစ်ရယ် ဒီကိုလာခါနီးမှ ကားဘီးပေါက်လို့ တဲ့ ကွယ် ကားဘီးပြန်လဲရင်း ကြာသွားတာ ဟင့် . . . ဟင့် . . . "

အဘွားကြီးနှစ်ယောက်အတွေ့မှာ ပန်းချီကိုမေ့နေပြီထင်ပါရဲ့ ။ အင်းပေ့ါလေ ငယ်သူငယ်ချင်းတွေဆိုတော့လည်း ကြုံဆုံတာနဲ့ ရေပက်မဝင်အောင် စကားလုပြောနေရတာကိုး။

"ဖြစ်ရမယ်လေ ဖြစ်ရမယ်"

"ဟုတ်ပ့ါ သွားခါနီး လာခါနီးဆို ဒီလိုပဲဖြစ်နေသပ ဟင့် ဟင့်"

ပန်းချီ ကားပေါ်က ဆင်းသည် ။ အမျိုးသမီးကြီးတစ်ဦးက ပန်းချီကို သတိထားမိဟန်နှင့် နှစ်လိုဖွယ်အပြုံးကလေးနှင့် တိုးကပ် လာပြီး

" လာလေ သမီး"

“ဟုတ်ကဲ့ အန်တီ”

ပန်းချီ ဦးခေါင်းလေးအသာဆတ်၍ ပြုံးပြလျက်သားဖြစ်သွား၏။ ဘွားကို သူငယ်ချင်းက စကားတပြောပြောနဲ့ ဧည့်ခန်းထဲ ခေါ်ဝင်သွားသည်။ ပန်းချီက အန်တီ့နောက်မှ ခပ်ယို့ယို့ဟန်နှင့် ဧည့်ခန်းထဲလှမ်းဝင်သည်။

“ဩော် မြေးမလေးကို ဘွားဘွား မေ့တောင် မေ့သွားပါကော အို ဟို မေ့တတ်လိုက်တာကွယ် လာ မြေးမလေး ဘွားကို စိတ်မဆိုးနဲ့ နော်”

ဘွားသူငယ်ချင်းက ပန်းချီ ကို အခုမှ သတိရဟန်ပြောကာ ပန်းချီ အပါးရောက်လာသည် ကို ပန်းချီ အသာပြုံး၍

“မဆိုးပါဘူး ဘွားဘွားရယ်”

“အို လိမ္မာလိုက်တာ လာ မြေးမလေး ထိုင်”

ပန်းချီ ကို ချစ်မြတ်နိုးစွာကြည့်၍ တယုတယဆိုကာ ဘွားဘေးမှ ဆိုဖာခုံမှာ ထိုင်စေသည်။ ပန်းချီ ထိုင်ပြီးတော့ ဘွားသူငယ်ချင်း အန်တီဘက်လှည့်ပြီး

“သမီး ဆွေမာ”

“ပြောပါ မေမေ”

“မြေးကို ခေါ်ပါကွယ်”

“ဟုတ်ကဲ့ မေမေ”

အန်တီ ဧည့်ခန်းထဲက ထွက်သွားတော့ ဘွားဘေးမှာ ဘွားသူငယ်ချင်းဝင်ထိုင်၍

“ရှင်မ မြေးမလေးက သိပ်လိမ္မာတာပဲ”

ဘွားဘွားက ပန်းချီ ကို ကြည့်၍ ကြည်နူးစွာပြုံးသည် ။

"မြေးမိန်းကလေးဆိုတာ လိမ္မာအောင် ထိန်းထားနိုင်မှ လေ ဟင့် ဟင့်"

ဘွားဘွားသဘောတကျပြောတော့ ပန်းချီ အနည်းငယ် နေရခက်လာသည် ။ လူကြီးတွေက ဒီလိုပါပဲ။ သူတို့ အလိုကျခေါင်းညိတ်နာခံရင် လိမ္မာသတဲ့ ။ မနာခံရင်တော့ . . . အင်း

"အင်းပေါ့လေ မြေးမလေး လိမ္မာတော့ မြေးမရှင် အဘွားက မောနိုင်မှာ ပေါ့ကွယ်၊ ခင်ချစ်မြေးကောင်လေးက ခပ်ဂျစ်ဂျစ်ရယ်၊ သဘော်နှစ်ခေါက်လိုက်ဖူးရုံနဲ့ သူ့ကိုယ်သူ ဘာထင်နေမှန်းမသိပါဘူး။ ရှင်မေရယ်၊ ဘွားအေက ဒါဆို သူကဟိုဒါ၊ အမြဲ ဂျစ်တိုက်နေကျလေ . . . မြေးယောက်ျားလေးများ လိမ္မာအောင်ထိန်းဖို့ သိပ်ခက်တယ်ကွယ်"

သူ့ကို မမြင်ဘူးပေမယ့် သူ့အကြောင်း သူ့ဘွားအေပြောပုံအတိုင်းဆိုတော့၊ အင်း . . . အတော်ရင့်မယ့်စရိုက်ပဲ။ အင်းပေါ့လေ ကမ္ဘာပတ်နေတဲ့ သဘော်သားဆိုတော့ ရှေးဆန်တဲ့ အဘွားအမြင်နဲ့ တစ်ထပ်တည်းမကျနိုင်ဘူးပေါ့။

"အဲဒါ ကြောင့် လိမ္မာနေတဲ့ ရှင်မေ့မြေးမလေးလက်ထဲအပ်ပြီး ထိန်းခိုင်းမလို့ "

သူ့အဘွားစကားကြောင့် ပန်းချီမျက်ဝန်းလေးပြူးကျယ်သွားပြီး

"အို . . . ပန်းချီ ဘယ်သူ့ကိုမှ မထိန်းပါရစေနဲ့ အဘွားရယ်"

"သြော် မြေးမလေးကလည်း မြေးက အဘွားကို ဂျစ်တိုက်တာပါ မြေးမလေးကိုဆိုရင် ဂျစ်တိုက်မှာ မဟုတ်ဘူး ဟင့် ဟင့် မြေးမလေးက သိပ်လှတယ်လေ ဟင့် ဟင့်"

သူ့အဘွားသဘောတကျပြောနေတဲ့ စကားလုံးတွေက ဘာအဓိပ္ပာယ်လဲ။ ဘွားဘွားကို ပန်းချီ အားကိုးတကြီး လှမ်းကြည့်လိုက်သည် ။ ဘွားဘွားက သူ့အဘွားနှင့် ထပ်တူပြုံးလျက်

"ဟုတ်သားပဲ ပန်းချီရယ်၊ ခင်ချစ်က သူ့မြေးကို တစ်သက်လုံးထိန်းပေးဖို့ စကားကမ်းလှမ်းထားတာ ဘွားဘွားလက်ခံထားတယ်လေ"

"အို . . . "

အဘွားပြောလိုက်မှ ပန်းချီပိုပြီးရှက်ကာ အံ့သြသွား၏။

"မရှက်ပါနဲ့ မြေးရယ်၊ မြေးမလေးဘွားဘွားက ဘွားဘွားကမ်းလှမ်းထားတာကို လက်ခံတယ်လေ၊ ဒါကြောင့် မြေးတို့ နှစ်ယောက်ကို မိတ်ဆက်ပေးမလို့ ပေါ့"

ပန်းချီမျက်နှာလေး ညိုရောင်သန်းသွား၏။ မယုံနိုင်စရာကောင်းလိုက်တာ။ ဘွားဘွားပြောပုံက ဒီလိုမဟုတ်။

ဘွားသူငယ်ချင်းဆီသွားလည်မယ်။ မြေးပန်းချီလိုက်ခဲ့တဲ့ ။ အဘွားက ဒီလိုပဲလေ။ မိတ်ဆွေတွေဆီ အလည်သွားရင် ပန်းချီကို ခေါ်သွားနေကြ။ အခုမှ အလည်လာတဲ့ သဘောမဟုတ်ဘဲ အိုး . . . ပန်းချီ ဘယ်လိုရင်ဆိုင်ရလဲ၊ ရှက်စရာကောင်းလိုက်တာ။

"မြေးတို့ နှစ်ယောက် ရင်းနှီးသွားအောင်ပါကွယ် ဟင်း"

"ဟုတ်ပါတယ်မြေးရယ်၊ မြေးတို့ နှစ်ယောက် ရင်းရင်းနှီးနှီးရှိဖို့ လိုအပ်တယ်ကွယ်၊ ဒါကြောင့် ဘွားဘွားတို့ စီစဉ်တာပါကွယ်"

အဘွားနှစ်ယောက်ရဲ့ ကြိတ်ကြံစည်မှုမှာ ပန်းချီခေါင်းညိမ့်ရမည်လား။

ဟင့်အင်း။

"ဘွားဘွား"

ပန်းချီတစ်ခုခုပြောဟန်ပြင်တော့ ဘွားဘွား ဦးခေါင်းဟန့်တားလိုက်စဉ် ပန်းချီ စောဒကတက်ငြင်းဆန်ခွင့်မရတော့။

"လိမ္မာလိုက်တာ မြေးမရယ် ဟင့် ဟင့်"

သူ့အဘွားအားရဝမ်းသာဆိုစဉ် ပန်းချီအသက်ရှူကျပ်ချင်သည် ။

"လာ မြေး လာ"

သမီးအနောက်မှ ခေါင်းငုံ့လျက်သား ပါလာတဲ့ မြေးကို ဒေါ်ခင်ချစ်အားရဝမ်းသာ ခေါ်လိုက်သည် ။

"ထိုင် မြေး ဒီမှာ ထိုင်"

သူ့အဘွားပြောသံနောက်က ပန်းချီနဲ့ မျက်နှာချင်းဆိုင် ဆိုဖာခုံမှာ ဝင်ထိုင်သည့်သူ့ကို မကြည့်ရဲလောက်အောင် ပန်းချီ ရှက်ရွံ့နေမိသည် ။

"မြေးတို့ နှစ်ယောက်ကို ဘွားဘွား ရင်းရင်းနှီးနှီးဖြစ်စေချင်တယ်ကွယ်၊ မြေးလည်း မှတ်ထားပေါ့၊ မြေးမလေးနာမည်က တိမ်ပန်းချီတဲ့ ၊ နာမည်လှသလို လူလည်း လှတယ်လေ"

ဘွားဘွားရဲ့ သည်းသည်းလှုပ်မိတ်ဆက်ပေးမှုက သူ့ရင်ကို ချဉ်တူးသွားစေသည် ။ သူ့ချစ်သူလို ခေတ်မှီဖက်ရှင်နဲ့ ကြော့ကြွကြွအမူအရာမရှိတဲ့ မိန်းကလေးက ဘွားဘွားအမြင်အရ လှသတဲ့ ။ ဘယ်လိုမျက်လုံးနဲ့ အမှတ်ပေးနေလဲ မသိဘူး။

သူတစ်ခုခုပြောချင်ပေမယ့် မာမီက သူ့လက်မောင်းကို တို့ ထိအချက်ပေးလို့ တစ်ချက်ကြည့်ပြီးငြိမ်ခံနေရတာ ခံခက်လွန်းသည် ။

“မြေးမကလေးလည်း မှတ်ထားပေါ့ မြေးနာမည်က လူဇင့်တဲ့ ”

သူ့အဘွားပြောပေမယ့် ပန်းချီမကြည့်ချင်ပါ။

ဘွားဘွားမျက်လုံးက အမိန့်ပေးညွှန်ကြားနေတော့ သူ့ကိုကြည့်ရတော့တယ်။ သူ့မျက်လုံးက ပန်းချီကိုမကြည့်ချင်သလိုလို။ ကိုရီးယားမင်းသားတွေလို သူ့ဆံပင်ပွယောင်းယောင်း၊ ခေတ်ရှေ့ပြေးဖက်ရှင်နှင့် လည်ပင်းနဲ့ လက်ကောက်ဝတ်မှာ ဖန်စီကြိုးတွေဆင်ယင်ထားတဲ့ သူက သဘော်သားပီသကာ အမူအရာက ဟဲဗီးဆန်လွန်းသည် ။ သူလို လူငယ်တစ်ယောက်က ပန်းချီလို ထဘီပွင့်အဆင်နှင့် အင်္ကျီပြောင်သားဝမ်းဆက်ကို ခပ်ရိုးရိုးလေးဝတ်ဆင်တဲ့ မိန်းကလေးကို သဘောမတွေ့နိုင်တာ သဘာဝကျပါတယ်။

မလွန်ဆန်နိုင်တဲ့ အမိန့်ကြောင့် အောင့်အည်း သည်းခံနေရတဲ့ သူ့အသွင်ကို ပန်းချီမကြည့်ရက်တော့။

“ကဲ မြေးတို့ ချင်း စကားပြောကြ”

သူ့အဘွားညွှန်ကြားနေပေမယ့် ပန်းချီတို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက် မကြည့်မိ။သူ့အဘွားကို အချိန်ပြည့်အကဲခတ်စောင့်ကြည့်နေတဲ့ အန်တီက သူ့အဘွားမျက်နှာလေး သူ့ကို ဘဝင်မကျ ပြောင်းလဲသွားစဉ်။

“သြော် သားတို့ ခြံထဲဆင်းပြီး အေးအေးဆေးဆေးစကားပြောပါကွယ် နော်”

အန်တီပြောသည် နှင့် သူ ဆတ်ခနဲ ထထွက်သွားသည် ။ ထိုအခါ သူ့အဘွားမျက်နှာပေး ကျေနပ်ပုံပြောင်းကာ

“ကဲ မြေးမလေး သွားလေ ခြံထဲမှာ မြေးနဲ့ စကားပြောကွယ် နော်”

"မြေး ပန်းချီ သွားလေ"

ဘွားဘွား ထပ်ဆင့်ပြောပြန်တာကြောင့် ပန်းချီ ဧည့်ခန်းမှ ထွက်ခဲ့သည် ။

ဘွားဘွားတို့ ရဲ့ အမြင်ကျဉ်းမြောင်းမှုကို ပန်းချီငြင်းဆန်ပါရစေကွယ်။

ပန်ချီရင်ထဲက ငြင်းဆန်ပေမယ့် ပန်ချီခြေလှမ်းက ခြံထဲရွေ့လျားရတော့သည် ။ သူက ပန်းခင်းရှေ့က မျက်ခင်းစိမ်းပေါ် စိတ်ပျက်လက်ပျက် လမ်းလျှောက်လျက်။

အဘွားတို့ က ပန်းချီတို့ နှစ်ယောက်ကို ရင်းနှီးစေချင်လို့ ခြံထဲဆင်းခိုင်းတာမှန်ပေမယ့် ပန်းချီတို့ နှစ်ယောက်က တစ်ယောက်ကို တစ်ယောက် စိတ်မဝင်စားစွာ ကျောခိုင်းနေကြသည် ။

အချိန်တွေကုန်ဆုံးသွားပေမယ့် မျက်နှာချင်းဆိုင် စကားတစ်ခွန်းမှ မပြောဖြစ်ခဲ့။ အတန်ကြာတော့ ခြံရှေ့က ကားဟွန်းတီးသံကြောင့် ပန်းချီတို့ ပြိုင်တူလှည့်ကြည့်မိသည် ။

ကားပေါ်မှ သူငယ်ချင်းတွေကိုမြင်စဉ် ထွက်ပေါက်တစ်ခုမြင်သလို သူ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ခြံပြင်ထွက်၍ ကားပေါ်တက်သွားတော့၏။ ပန်းချီကို နှုတ်ဆက်မသွားသလို တစ်ချက်မှ လည်း ငဲ့ကြည့်မသွားတဲ့ "သူ့" စိတ်ကို ပန်းချီ ဘယ်လိုနားလည်ရမလဲ။

"မြေးမလေး"

အတန်ကြာတော့ သူ့ဘွားဘွားခေါ်သံ ပေါ်ထွက်လာသည် ။ ပန်းချီလှည့်ကြည့်တော့ ဘွားဘွားနှစ်ယောက် ပန်းချီအပါး ပြုံးပြုံးလေးရောက်လာသည် ။ သူ့အဘွားက ပန်းချီပခုံးလေးကို တယုတယပွေ့ဖက်ပြီး

“မြေးကော”

“သြော် ခုလေးတင် သူ့သူငယ်ချင်းတွေလာလို့ ထွက်သွားတယ်”

“မြေးက အဲဒီလိုပဲ အပေါင်းအသင်းအင်မတန်မက်တယ် ၊ မြေးလေးကို စိတ်ရှည်ပါကွယ်၊ ဒါနဲ့ မြေးနဲ့ စကားပြောရတာ အဆင်ပြေရဲ့ လား”

မျှော်လင့်တကြီးဖြစ်နေတဲ့ သူ့အဘွားကို အမှန်အတိုင်းပြောလိုက်ရရင် ရောဂါတိုးသွားနိုင်သည် ။

“ပြောလေ မြေးရဲ့ ”

ဘွားဘွားပါ ထပ်ဆင့်မေးတော့ ပန်းချီဟန်မပျက်ပြုံး၍

“ပြေ ပြေပါတယ်”

ပန်းချီအဖြေဟာ အဘွားနှစ်ဦး၏ အပြုံးကို တောက်ပသွားစေ၏။

“ခင်ချစ် မပြောဘူးလား ရှင်မေရယ် အဆင်ပြေပါမယ်လို့ ဟင်း ဟင်း”

သူ့ဘွားဘွားက သဘောတကျဆိုစဉ် ဘွားဘွားကျေနပ်အားရဖြစ်လျက်

“အဆင်ပြေတော့ ပိုကောင်းတာပေါ့ ခင်ချစ်ရယ်”

“ပြေရမယ်လေ ဟင်း ဟင်း ဟင်း”

အဘွားနှစ်ဦးရဲ့ ကြည်နူးပီတိဖြစ်မှုတွေကို ပန်းချီမကြည့်ရက်တော့။ အကြည့်လွှဲလိုက်မိသည် ။ သူ့အဘွားက ပန်းချီမျက်နှာလေးကို ဆွဲယူကာ မြတ်မြတ်နိုးနိုးစိုက်ကြည့်သည် ။

“မြေးလေးနဲ့ အဆင်ပြေတယ်ဆိုတော့ မြေးဆိုးလေးအတွက် အဘွားစိတ်ချနိုင်ပြီ ပန်းချီလေးရယ် အဘွားသေပျော်ပါပြီ မြေးရယ်”

ပန်းချီ နဖူးလေးကို ရှိုက်နမ်းလိုက်သည့် သူ့အဘွားရဲ့ ပီတိဖြစ်မှုကို ပန်းချီ အသက်အောင့်၍ ခံယူလိုက်ရသည် ။

သူ့အဘွားစိတ်က ပန်းချီ စိတ်ကို ကျဉ်းကျပ်စေရသလို သူ့စိတ်ကလည်း ပန်းချီ စိတ်ကို တင်းကျပ်စေပါသည် ။

ပန်းချီ ဘယ်လိုရင်ဆိုင်ရပ့်ါမလဲ။ သူကရော...

*